# မြန်မာနိုင်ငံ စာပေဂီတအနုပညာရှင်များ၏ သဘောထားကြေညာချက်

စာပေဂီတ အနုပညာဆိုသည်မှာ ပြည်သူလူထု၏ နှလုံးသားဖြစ်သလို ပြည်သူလူထုအတွက် လမ်းပြကြယ်စင်လည်းဖြစ်ပါသည်။

လွတ်လွတ်လပ်လပ် ဖန်တီးထုဆစ်ခွင့်ရလေ တိုင်းပြည်၏ ဂုဏ်သိန်မြင့်မားလည်းပါလေ ဖြစ်ပါသည်။

"အမျိုးသားဂုဏ်သိက္ခာနှင့်တန်ဖိုးကို တိုင်းတာသတ်မှတ်ရာတွင် စာပေ ဂီတ အနုပညာအဆင့်အတန်းသည် အဆုံးအဖြတ်ပေးနိုင်သော စံနှုန်းများ ဖြစ်သည်" ဆိုသည့်အချက်ကို နအဖစစ်အစိုးရမှ လုံးဝမျက်ကွယ်ပြုခဲ့ပါသည်။

ထို့အပြင် စစ်အစိုးရသည် အနုပညာရှင်များနှင့် ၎င်းတို့ဖန်တီးထားသော အနုပညာများကို ညှိုးသွားရန်ဖက်သတွယ် အမြဲရန်ရှာပြီး ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဖိနှိပ်ကန့်သတ်ခြင်းအားဖြင့် ပြည်သူတို့၏ နား မျက်စေ့တို့အား အမှောင်ချထားခြင်းကို တောက်လျှောက်ကျူးလွန်နေခဲ့ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတင်းအမှောင်ချခံရမှု အမြင့်မားဆုံး၊ အနုပညာဖန်တီးခွင့် လွတ်လပ်မှုအနည်းဆုံး နိုင်ငံအဆင့်သို့ ကျရောက်ခဲ့ရပါသည်။

စက်တင်ဘာရွှေဝါရောင်လူထုလှုပ်ရှားမှုကြီးအပြီးတွင် လူထုနှင့်ထပ်တူခံစားပြီး လူထု၏ဝေဒနာကို ထပ်ဟပ်ဖော်ပြလှုပ်ရှားခဲ့ကြသော စာပေဂီတ အနုပညာရှင်များအား အညှိုးကြီးစွာဖြင့် ယနေ့အထိ လူမဆန်စွာ လိုက်လံဟန့်တား ဖမ်းဆီး ထောင်ချလျှက်ရှိပါသည်။

စာရေးသားခွင့် ပိတ်ပင်ခြင်း၊ ဂီတဖန်တီးခွင့် ပိတ်ပင်ခြင်း၊ အနုပညာဖန်တီးခွင့် ပိတ်ပင်ခြင်းများကို ဂျုန်ကင်ပေတိုင်ထက်ဆိုးသည့် ဆင်ဆာဘုတ်အဖွဲ့ဖြင့် တားဆီး ကန့်သတ် ပိတ်ပင်နေခြင်းများအားလည်းကောင်း၊ နအဖစစ်အစိုးရမှ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်ပြုထားသည့် စာနယ်ဇင်းများတွင် မိမိယုံကြည်ရာ မိမိခံစားချက်များကို ရိုးသားစွာရေးဖွဲ့တင်ပြကြသော စာပေအနုပညာရှင်များနှင့် သတင်းအမှန်ကို ရေးသားဖော်ပြမိသော သတင်းစာဆရာများအား ဖမ်းဆီးအရေးယူခြင်း၊ အတင်းအဓမ္မဖိအားပေးပြီး အလုပ်မှထုတ်ပယ်စေခြင်းများကို တရားမဲ့စွာ ပြုမူကျူးလွန်နေခြင်းများအားလည်းကောင်း မိမိတို့ မြန်မာနိုင်ငံ စာပေဂီတအနုပညာရှင်များက ပြင်းထန်စွာရှုတ်ချလိုက်သည်။

မြန်မာနိုင်ငံ စာပေဂီတအနုပညာရှင်များ
၂၆ - ၁ - ၂၀၀၈